# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 29 , 2022 Volume 58, Number 21

| ၂၉.၉.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၅၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၈၃.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၅၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၁၆၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## Myanmar Rice Conference 2022 ကို လာမည့်အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်းပြီး မြန်မာ့ဆန်စပါးနှင့်ပတ်သက်၍ ဆွေးနွေးသွားမည့် Myanmar Rice Conference 2022 ကို လာမည့် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

Myanmar Rice Conference 2022 ကို ပြည်တွင်း၌ အရည်အသွေးမြင့်ဆန်များ လုံလောက်စွာထွက်ရှိရန်၊ ပြည်ပသို့ တန်းမြင့်ဆန်များ တိုးမြှင့်တင်ပို့နိုင်ရန်၊ စပါးအထွက်နှုန်းတိုးတက်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆန်ကြိတ်ခွဲမှုနည်းပညာများ ပိုမိုတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြီးတော့ မြန်မာ့ဆန်စပါးနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမယ့် Myanmar Rice Conference 2022 ကို လာမည့် အောက်တိုဘာလထဲမှာ ကျင်းပမှာဖြစ်ပါတယ်။ မြန်မာ့ဆန်စပါးနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ အရေးကြီးဆောင်ရွက်ရမယ့်ကိစ္စတွေကို ဘက်ပေါင်းစုံက လုပ်ငန်းကျွမ်းကျင်သူတွေ တက်ရောက်ပြီး ဆွေးနွေးညှိနှိုင်းကြမယ့် ဆွေးနွေးပွဲပဲဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြသည်။

ထိုညီလာခံတွင် ပြည်တွင်း၊ ပြည်ပဈေးကွက်အတွက် ဆန်စပါး အရည်အသွေးနှင့် အထွက်နှုန်းတိုးမြင့်လာစေရေး၊ စပါးစိုက်တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကိစ္စရပ်များအပြင် စပါးခွံများမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ကာ ဆန်စက်များအတွက် ပြန်လည်အသုံးပြုနိုင်စေရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Rice Conference 2022 ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ တာဝန်ရှိသူများအပြင် နိုင်ငံတစ်ဝန်းရှိ ဆန်စပါးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သောလုပ်ငန်းများ တက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## “Project on Standardization for potential agricultural products export to Japan” စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်



၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် “Project on Standardization for potential agricultural products export to Japan” စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)၊ (၁၁:၀၀) နာရီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးမှဦးဆောင်၍ကျင်းပခဲ့ပြီး အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန တာဝန်ခံနှင့်ကျွမ်းကျင်သူတို့မှ Online/Offline ဖြင့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် စီမံကိန်းသည် ယခင်ဘဏ္ဍာနှစ်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော စီမံကိန်းနှင့်မတူပဲ အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ စီမံကိန်းကာလကို (၃)လသတ်မှတ်ထားပြီး ရည်ရွယ်ချက်မှာ မြန်မာ့လယ်ယာထွက်ကုန်များ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ကာ ဂျပန်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊ ဂျပန်နိုင်ငံဈေးကွက်သို့ စံချိန်မီတင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တစ်လျှောက် စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေးရန်၊ မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှုတိုးမြှင့်လာစေရန်၊ ဝဥနှင့်ပတ်သက်၍ အာဆီယံ-ဂျပန်စင်တာ(AJC)မှ သီးခြားစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့်အတွက် ဝဥအစား အလားအလာရှိသော အခြားကုန်ပစ္စည်းအမယ်တစ်ခုအား အစားထိုးရွေးချယ်သွားရန်စသည်ဖြင့် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/article/%E2%80%9CProject%20on%20Standardization%20for%20potential%20agricultural%20products%20export%20to%20Japan%E2%80%9D%20

## ရော၀တီတိုင်းဒေသကြီးတွင် မတ်ပဲဈေးတည်ငြိမ်လျှက်ရှိ

ရော၀တီတိုင်းဒေသကြီး မတ်ပဲဈေးနှုန်းများ ယခင်သီတင်းပတ်ဈေးနှုန်းအတိုင်း ဆက်လက်ရှိနေကြောင်းသိရသည်။ မတ်ပဲနှင့်ပဲမျိုးစုံဈေးနှုန်းများသည် နေ့စဉ်အတက်အကျအနည်းငယ် ဈေးလှုပ်ရှားလျှက်ရှိသော်လည်း အတက်အကျမကြမ်းပဲ ဈေးတန်းတစ်ခုတွင် တည်ငြိမ်နေသကဲ့သို့ဖြစ်နေသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၆၆၁၀၀၊ ၂၅/၂၆/၂၇ ရက်နေ့များတွင် ကျပ် ၆၅၅၀၀ ၊ ၂၈ ရက်နေ့တွင် ကျပ် ၆၄၅၀၀ အသီးသီးဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ ပြည်တွင်းဈေးကွက်သို့လည်း မတ်ပဲအသစ်များ အဆက်မပြတ်ဝင်လျှက်ရှိသည်။ ပွဲတော်ရက် ၃ ရက်ကာလ အပြီးတွင် အသစ်ဝင်ရောက်လာသော မတ်ပဲဈေးနှုန်းများလည်း ပုံမှန်အတိုင်းဖြစ်ပြီး မဒရာပရာဒေ့ရှ်ပြည်နယ်တွင် မတ်ပဲအသစ် ၁ ကွမ်တယ်လျှင် Rs 100 ဈေး တက်လာသည်မှအပ ကျန်ပြည်နယ်များတွင် ဈေးတည်ငြိမ်နေသည်။

မြန်မာမတ်ပဲ FAQ တစ်တန်လျှင် FOB ဈေးနှုန်း $775–780 ဖြစ်ပြီး မတ်ပဲ SQ တစ်တန်လျှင် FOB ဈေးနှုန်း $930 ဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျှက်ရှိကြောင်း သိရသည်။

**Source:** ရောကုန်သွယ်မှုဗဟိုဌာန

## ကချင်ပြည်နယ်၏ စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး ၄ုက်ပျော၊ ဆန်ကွဲ၊ ရော်ဘာ၊ ပိုးလုံးအိမ်၊ ဆန်၊ ပဲတီစိမ်းနှင့်ကြိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၀၆၃၆၂ ဒသမ ၀၄ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၈၃၃၃၃ ဒသမ ၃၃ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၃၈၉၆၉၅ ဒသမ ၃၇ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၈၈၇၅၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၉၇၈၃၂၄ ဒသမ ၀၈ ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၀၆၇၀၇၄ ဒသမ ၀၈ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၄၁ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၃ ဒသမ ၂၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## ဆန် အတက်ဈေးမှာငြိမ်နေ၊ ကြက်သွန်နီဈေးများ ဆက်တိုက်ကျ

| သီးနှံအမည် | ၁.၉.၂၀၂၂ | ၂၈.၉.၂၀၂၂ |
|---|---|---|
| ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သ) | ၆၂၀၀၀ မှ ၆၅၀၀၀ | ၆၂၀၀၀ မှ ၆၅၀၀၀ |
| ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး) (သ) | ၆၀၀၀၀ မှ ၆၃၀၀၀ | ၆၀၀၀၀ မှ ၆၃၀၀၀ |
| ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သ) | ၅၉၀၀၀ မှ ၆၅၀၀၀ | ၅၉၀၀၀ မှ ၆၅၀၀၀ |
| ဆန်(ပေါ်ဆန်းနယ်စုံသစ်) (သ) | ၅၈၀၀၀ မှ ၆၁၀၀၀ | ၅၈၀၀၀ မှ ၆၁၀၀၀ |
| ဆန်(ဧည့်မထ)(သ) | ၃၉၀၀၀ မှ ၄၁၀၀၀ | ၄၃၀၀၀ မှ ၄၄၅၀၀ |
| ဆန်(ငစိန်)(ဟ) | ၃၇၀၀၀ မှ ၃၉၀၀၀ | ၄၄၀၀၀ မှ ၄၆၀၀၀ |
| ဆန်(မြီးဒုံး)(သစ်) | ၅၀၀၀၀ မှ ၅၃၀၀၀ | ၅၂၅၀၀ မှ ၅၄၀၀၀ |
| ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ၈၃၀၀၀ မှ ၉၁၀၀၀ | ၈၃၀၀၀ မှ ၉၃၀၀၀ |
| ဆန်(ဧည့်မထ ၂၅%)(သစ်) | ၃၃၀၀၀ မှ ၃၄၀၀၀ | ၄၁၀၀၀ မှ ၄၂၀၀၀ |
| ဆန်(ရက် ၉၀ သစ်ရှယ်) | ၄၅၀၀၀ မှ ၄၈၀၀၀ | ၄၆၅၀၀ မှ ၄၈၀၀၀ |
| ဆန်(သီးထပ်)(သ) | ၄၀၅၀၀ မှ ၄၂၀၀၀ | ၄၃၀၀၀ မှ ၄၄၀၀၀ |
| ကြားပျံရှယ်(သစ်) | ၆၃၀၀၀ မှ ၇၀၀၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ပေါ်ဆန်းရှယ်(သ) | ၆၀၅၀၀ မှ ၆၃၀၀၀ | ၆၂၅၀၀ မှ ၆၃၀၀၀ |
| တောင်ပျံ(ဖျာပုံ)(သစ်) | ၇၀၀၀၀ မှ ၇၂၀၀၀ | ၇၀၀၀၀ မှ ၇၂၀၀၀ |
| ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ၅၃၀၀၀ မှ ၅၅၀၀၀ | ၅၂၀၀၀ မှ ၅၃၀၀၀ |
| တောင်ပျံ(မော်ကျွန်း)(သစ်) | ၆၈၀၀၀ မှ ၇၁၀၀၀ | ၆၈၀၀၀ မှ ၇၀၀၀၀ |
| ပေါ်ကျွဲ(မော်ကျွန်း)(သ) | ၅၀၀၀၀ မှ ၅၂၀၀၀ | ၅၀၀၀၀ မှ ၅၄၀၀၀ |
| ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) | ၃၂၅၀ | ၂၇၅၀ |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) | ၃၂၅၀ | ၂၇၅၀ |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) | ၃၁၀၀ | ၂၆၅၀ |
| ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) | ၂၆၀၀ | ၂၄၀၀ |

https://greenwaymyanmar.com/posts/Rice_Onion_Market

ပြင်ပငွေလဲလှယ်နှုန်းကျဆင်းမှုနဲ့အတူ ကုန်စည်အချို့ ဈေးပြန်ကျလာပေမယ့် ဆန်ဈေးကတော့ တချို့အမျိုးအစားတွေ မနေ့ (၂၇.၉.၂၂)က စလို့ ထပ်တက်လာသလို တက်ပြီးသားတွေကလည်း အတက်နဲ့ပဲ ငြိမ်နေပါတယ်။ တချို့အမျိုးအစားတွေတော့ အနည်းငယ်လေး ဈေးကျသွားပေမယ့် အများစုကတော့ အတက်ဈေးမှာပဲ ငြိမ်နေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့လကုန်ပိုင်းတုန်းက တစ်ပိဿာ အမြင့်ဆုံးဈေး ၃၅၀၀ ကျပ် ထိရောက်သွားတဲ့ ကြက်သွန်နီကတော့ အခုလဆန်းမှာ ကျပ် ၃၂၅၀ ထိရောက်သွားခဲ့သလို ဒီနေ့(၂၈.၉.၂၂) စက်တင်ဘာ ၂၈ ရက်မှာတော့ ၂၇၅၀ ကျပ်ထိ ပြန်ကျသွားပြီဖြစ်ပါတယ်။

အခု စက်တင်ဘာလဆန်း ရန်ကုန်ဘုရင့်နောင်ဈေးကွက် ဆန်ဈေး၊ ကြက်သွန်နီဈေးတွေနဲ့ ဒီနေ့စက်တင်ဘာ ၂၈ ရက် ဈေးတွေကို ဇယားကွက်မှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ်။ ဆန်ဈေးတွေက တစ်တင်းခွဲ (၁.၅ တင်း) တစ်အိတ်ဈေးတွေဖြစ်ပြီး ကြက်သွန်နီကတော့ တစ်ပိဿာဈေးနှုန်းတွေဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ မိုးနည်းပြီး စပါးအစိုက်ကျဆင်းခဲ့တဲ့အတွက် အစိုးရက ပြည်ပဆန်တင်ပို့မှုကို ပိတ်ပင်လိုက်ပြီးနောက် ထိုင်း၊ ဗီယက်နမ်၊ မြန်မာစတဲ့ ဆန်အဓိကတင်ပို့ရာနိုင်ငံတွေမှာ ဈေးနှုန်းတွေမြင့်တက်လာနိုင်တယ်လို့ ကုန်သည်နဲ့ဈေးကွက်ကျွမ်းကျင်သူတွေက ခန့်မှန်းမှုတွေပြုလုပ်ထားပါတယ်။

**ဆန်(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။**

**Source:** https://greenwaymyanmar.com/posts/Rice_Onion_Market

## မကွေးတိုင်းဒေသကြီးမှ (G.A.P)နှမ်းစိုက်တောင်သူများ စုပေါင်းရောင်းချ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီးမှ နှမ်းစိုက်တောင်သူများ စုပေါင်းရောင်းချရာ ရန်ကုန်၊ မန္တလေးတို့မှ ပို့ကုန်သမားများ လာရောက်ဝယ်ယူကြရာ G.A.P နှမ်းစိုက်တောင်သူများ ဈေးကောင်းရရှိကြကြောင်းသိရသည်။ မကွေးတိုင်း တောင်သူဖွံ့ဖြိုးရေးအဖွဲ့နှင့် တောင်သူအစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော နှမ်းသီးနှံစုပေါင်းရောင်းချပွဲ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၁ ရက်ထိ ရောင်းချရာ နှမ်းမျိုးစုံတန်ချိန် ၁၄၀၀ ကျော် စုပေါင်းရောင်းချခဲ့ကြောင်း၊ ထိုသို့ နှမ်းသီးနှံစုပေါင်းရောင်းချပွဲသို့ ရန်ကုန်၊ မန္တလေးတို့မှ နှမ်းပို့ကုန်သမားများ လာရောက်ဝယ်ယူခဲ့ကြောင်း ၊ ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော နှမ်းမျိုးများမှာ ဈေးအနည်းငယ်ပိုမိုရရှိကြောင်း၊ ဆက်လက်ပြီး ဂျီအေပီ နှမ်းသီးနှံကို ပိုမိုစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ညွန့်ကပြောသည်။

"နှမ်းနက်ပေါက်ဈေးကတော့ တစ်တင်းကို ငွေကျပ် ၁၁၆၀၀၀ ပေါက်ဈေးရရှိပါတယ်။ လက်ရှိပေါက်ဈေးက ဈေးကောင်းရရှိပါတယ်။ နှမ်းဖြူကတော့ တစ်တင်း ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိပါတယ်။ နှမ်းစတင်ရောင်းချိန်က နှမ်းနက်တစ်တင်း ပေါက်ဈေးငွေကျပ် ၁၀၀၀၀၀ ကျော်လောက်က စတင်ရောင်းချတာပါ။ ဩဂုတ် ၂၅ရက်နေ့ကတည်းက ဈေးတွေတက်လာတာ စက်တင်ဘာ ၂၁ ရက်နေ့မှာတော့ သုံးတင်းတစ်အိတ်ကို ၃၄၈၀၀၀ ထိ ဈေးကောင်းရရှိခဲ့ ပါတယ်။ မကွေးဒေသ ၊မန္တလေးပွဲရုံဈေးကွက်နဲ့ယှဉ်ရင် ဈေးကောင်းရရှိပါတယ်။ မကွေးတိုင်းတောင်သူ ဖွံ့ဖြိုးရေးအဖွဲ့ အနေနဲ့ ရန်ကုန်-မန္တလေးပို့ကုန်သမား ၅ဦးကိုဖိတ်ခေါ်ပြီး စုပေါင်းရောင်းချပါတယ်။ နောက်ဆိုရင် နှမ်းသီးနှံအပြင် မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စားတော်ပဲတို့ပါ တိုးချဲ့ရောင်းချသွားမှာပါ။ တောင်သူသီးနှံတွေကိုလည်း ဂျီအေပီစနစ်နဲ့ စိုက်ပျိုးထုတ်လုပ်သွားမှာပါ။ လက်ရှိပေါက်ဈေးက ပုံမှန်အထွက်နှုန်း ရရှိသူတွေကတော့ စိုက်ပျိုးကုန်ကျစရိတ်၏ ထက်ဝက်ကျော် အကျိုးအမြတ်ရရှိပါတယ်။ လက်ရှိမှာ တောင်သူသီးနှံ လှိုင်လှိုင်ပေါ်ချိန်မှာ ဆောင်းမြေပဲ၊ ပဲတီစိမ်းတွေ စုပေါင်းရောင်းချသွားမှာပါ" ဟု ၎င်းက ပြောသည်။

နှမ်းသီးနှံ စုပေါင်းရောင်းချပွဲတွင် ဂျီအေပီ တောင်သူဦးရေ ၃၃၅၀ ကျော်နှင့် အခြားတောင်သူဦးရေ ၃၅၀၀ ကျော် စုစုပေါင်း တောင်သူဦးရေ ၇၀၀၀ ကျော်က နှမ်းတန်ချိန် ၁၄၀၀ ကျော် စုပေါင်းရောင်းခဲ့ကြောင်းသိရသည်။ တောင်သူများအနေဖြင့် ယခုလို သီးနှံများကို စုပေါင်းရောင်းချခြင်းကြောင့် ဈေးကောင်းရရှိကျသလို သွင်းအားစုမြေဆီများကိုလည်း စုပေါင်းဝယ်ယူခြင်းကြောင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ထိုင်းနိုင်ငံအခွန်ဌာနက အခွန်ဆိုင်ရာပွင့်လင်းမြင်သာမှုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပြုစုရေးဆွဲလျှက်ရှိ

ထိုင်းနိုင်ငံအခွန်ဌာနသည် နိုင်ငံအတွက် အခွန်ပိုမိုကောက်ခံရရှိနိုင်ရေးရည်ရွယ်၍ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် ဥပဒေကြမ်းပြုစု ရေးဆွဲလျက်ရှိပါသည်။

ထိုင်းနိုင်ငံ၊ အခွန်ဌာန (Revenue Department) သည် ပြည်တွင်းနေ နိုင်ငံခြားကုမ္ပဏီ/အဖွဲ့အစည်း (Non-Resident) များ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းအချက်အလက်များအား ဖလှယ်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို ထိုင်းနိုင်ငံအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြရန် စီမံဆောင်ရွက်လျက်ရှိသည်ဟု အခွန်ဌာန၏ ညွှန်ကြားရေးမှူးချုပ် Lavaron Sangsnit က ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့်စက်တင်ဘာလ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံလွှတ်တော်က Multilateral Competent Authority Agreement on Automatic Exchange of Financial Account Information အား လက်မှတ်ရေးထိုး အတည်ပြုလိုက်သည်ဟု ၎င်းက ပြောကြားခဲ့ပါသည်။

အဆိုပါသဘောတူညီချက်သည် OECD (Organization for Economic Co-operation and Development) ၏ စံနှုန်းများနှင့်အညီ ပြည်တွင်းနေ နိုင်ငံခြားကုမ္ပဏီ/အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များအား အလိုအလျောက်ဖလှယ်ခြင်းကိုပံ့ပိုးပေးရန် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းတစ်ခုအား ပေးအပ်ထားကြောင်း၊ ပြီးခဲ့သည့် စက်တင်ဘာလ ၆ ရက်နေ့တွင် အဆိုပါသဘောတူညီချက်အား ထိုင်းနိုင်ငံလွှတ်တော်၌ တင်ပြဆွေးနွေးပြီးနောက် အခွန်ဌာန

အနေဖြင့် ထိုကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းကို အထောက်အကူပြုရန်အတွက် ဥပဒေအား အကြမ်းပြုစုရေးဆွဲခြင်းကို စတင်ပါသည်။

အဆိုပါသဘောတူညီချက်သည် ထိုင်းနိုင်ငံ၏ ပြည်တွင်းနှင့် နိုင်ငံတကာ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်းကို သေချာခိုင်မာစေရန် ရည်ရွယ်ထားကြောင်းသိရှိရပါသည်။ ၎င်းသည် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံ (Signatory) များအား ပြည်တွင်းနေနိုင်ငံခြားကုမ္ပဏီ/ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို တစ်နှစ်လျှင်တစ်ကြိမ် ဖလှယ်သွားရန်လိုအပ်ကြောင်း သိရှိရပါသည်။

အဆိုပါသဘောတူညီချက်တွင် ဘရူနိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံ ၁၁၇ နိုင်ငံရှိပါသည်။ ဥပဒေစတင်အကျိုးသက်ရောက်ပြီးသည်နှင့် ထိုင်းနိုင်ငံအနေဖြင့် အဆိုပါသဘောတူညီချက်၌ ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများနှင့်အတူ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းကို စတင်သွားရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။ အဆိုပါ လုပ်ဆောင်မှုသည် အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းနှင့် အခြားနိုင်ငံများနည်းတူ နိုင်ငံတကာစံနှုန်းများနှင့်အညီ အခွန်ကောက်ခံသည့် အလေ့အကျင့်များနှင့် စပ်လျဉ်း၍ သမမျှတသော ပြုမူလုပ်ဆောင်မှုအဖြစ် ရည်မှန်းထားပါသည်။

ထိုင်းနိုင်ငံ၊ အခွန်ဌာနသည် အစောပိုင်းကာလများတွင် အခွန်ကောက်ခံမှုဆိုင်ရာ ရည်ရွယ်ချက်အတွက် ပြည်တွင်းနေနိုင်ငံခြားကုမ္ပဏီ/အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေရန် နိုင်ငံပေါင်း ၁၆၀ ဖြင့် အခွန်ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက် စီမံအုပ်ချုပ်မှုဆိုင်ရာ အထောက်အကူပေးအပ်နိုင်ရန် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ပြုမူဆောင်ရွက်မှုသည် ပြီးခဲ့သည့် စက်တင်ဘာလက ပြဋ္ဌာန်းခဲ့သော ထိုင်းနိုင်ငံ၏ အီလက်ထရောနစ်ဝန်ဆောင်မှုဥပဒေ (E-Service Tax Law) ၏ မိတ်ဆက်အစပြုမှုနှင့်အညီ လုပ်ဆောင်ခြင်းလည်းဖြစ်ပါသည်။

အဆိုပါဥပဒေသည် တန်ဖိုးမြှင့်အခွန် (Value-added Tax-VAT) ပေးဆောင်ရေးအတွက် မှတ်ပုံတင်စာရင်းပေးသွင်းရန် ထိုင်းနိုင်ငံရှိ တန်ဖိုးမြှင့် အခွန်ပေးဆောင်ရခြင်းမရှိသော Customer များအား အီလက်ထရောနစ်ဝန်ဆောင်မှုများ ပေးအပ်ခြင်းမှ တစ်နှစ်လျှင် ထိုင်းဘတ်ငွေ ၁.၈ သန်းနှင့်အထက် ဝင်ငွေရရှိနေသည့် ပြည်ပနိုင်ငံများမှ အီလက်ထရောနစ်ဝန်ဆောင်မှုပေးအပ်သူ (E-Service Provider) များနှင့် ပလက်ဖောင်း (Platform) များအတွက် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

**Source: Bangkok Post (9 Sep 2022)**

https://myantrade.gov.mm/article/%E1%80%91%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80

## STOCK EXCHANGE (29.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | -100 | -1.04% | 9,600 | 9,600 | 9,500 | 436 | 4,155,100 | 33,109,694 | 314,542 |
| MTSH | 00002 | 3,600 | +50 | +1.41% | 3,550 | 3,600 | 3,550 | 7,528 | 26,926,950 | 38,929,150 | 140,145 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,700 | 7,800 | 7,700 | 164 | 1,263,900 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | -500 | -2.44% | 20,000 | 20,000 | 20,000 | 100 | 2,000,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 243 | 675,400 | 12,823,224 | 35,905 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 202 | 555,500 | 19,977,223 | 54,937 |
| AMATA | 00007 | 5,200 | -100 | -1.89% | 5,300 | 5,300 | 5,200 | 1,450 | 7,615,000 | 10,497,598 | 54,588 |


## Market summary

As of 29th Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 420.03 | -1.73 | -0.41% | 421.16 | 422.65 | 420.03 | 10,123 | 43,191,850 | 7 | 730,686 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 29th Sep. 2022

| MYANPIX | 420.03 ▼ 1.73 |
|---|---|
| Total Volume (shares) | 10,123 |
| Total Value (MMK) | 43 mil |
| Listed Company | 7 |
| Market Cap. (MMK) | 730,686 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▼ 100 |
| MTSH | 00002 | 3,600 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,200 | ▼ 100 |